+ ၂၀၁၃ ခုနှစ်
ဖေဖော်ဝါရီလ
၂၆ ရက်

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးမြင့်ဟန်ရှေ့တွင်

## ဦးစိုးနိုင် ပါ ၃
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ စွဲဆိုမှု၊ ရှာဖွေပုံစံတွင် ပစ္စည်းပေးအပ်သူအနေဖြင့် လက်မှတ်ရေးထိုးခြင်း၏ အကျိုးသက်ရောက်မှု။**

**ဆုံးဖြတ်ချက်** ။ ။ လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင်ရှာဖွေပုံစံပါ ဖော်ပြချက်သည် အဓိကဖြစ်သည်ဆိုသော **မောင်ထန်လွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၂] သည် အိမ်ရှင်ထွက်ပြေးပြီးနောက် မူးယစ်ဆေးဝါးတွေ့ရှိပြီး ကျန်ရစ်သူ၌

---

* ၂၀၁၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၂၉ (ခ)

\+ ၂၀၁၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၈၉ တွင် ချမှတ်သော ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု။

မူးယစ်ဆေးဝါးသုံးစွဲသည့် လက္ခဏာများပေါ် ပေါက်သော သက်သေခံချက်များ ရှိပါလျက် ရှာဖွေသောအရာရှိများနှင့် သက်သေများက ယိမ်းယိုင်ထွက်ဆိုလေ့ ရှိခြင်းကြောင့် ထိုသို့ ကောက်ယူသုံးသပ်ခဲ့ခြင်းဖြစ်သည်ကို သတိချပ်ရန် လိုသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ စွပ်စွဲခံရသူသည် အကြောင်း ကြောင်းကြောင့် ရှာဖွေပုံစံတွင် ပစ္စည်းအပ်နှံသူအဖြစ် ပါဝင်လက်မှတ်ရေးထိုးရုံမျှနှင့် ထိုပစ္စည်းကို လက်ဝယ်ထားရှိသူဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ကို အားပေးကူညီသူဖြစ်ကြောင်း အခါခပ်သိမ်း တထစ်ချကောက်ယူရန် မဟုတ်ချေ။

လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်သည် အဓိကဖြစ်သည်ဆိုသော မှတ်ချက်ကို ကိုးကားရာတွင် သက်သေခံဥပဒေပုဒ်မ ၂၅ နှင့် ၂၆ တို့ပါ ဥပဒေ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုရာရောက်သည်အထိ ကိုးကားရန် မဟုတ် သည်ကို သတိပြုရပေလိမ့်မည်။

လျှောက်ထားသူများအတွက် - ဒေါ်ချိုမာထွန်း
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်ဌေးဌေးလွင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂၀၁၃
ဦးစိုးနိုင် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

တောင်ကြီးခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆၂ တွင် တရားခံစိုးနိုင်နှင့် နွယ်နွယ်စိုးတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၈ နှစ်စီ ကျခံစေရန်နှင့် တရားခံ ဇာဇာလင်းအပေါ် ယင်းဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို လျှောက်ထားသူတို့က မကျေနပ်၍ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၈၉/၂၀၁၂ တွင် ရှမ်းပြည်နယ်တရားလွှတ်တော်သို့ အယူခံဝင်ရာ မအောင်မြင်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၃၁-၁၀-၂၀၁၁ ရက်နေ့ ၁၁း၃၀ နာရီအချိန်က တောင်ကြီးမြို့ မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်လှလွင်နှင့် တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ၄ ရပ်ကွက်၊ အမှတ် ၆၀ နေ စိုးနိုင်နှင့် နွယ်နွယ်စိုးတို့၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိမ်တွင် စိုးနိုင်အား မတွေ့ရဘဲ စိုးနိုင်၏ဇနီး နွယ်နွယ်စိုးနှင့် ခယ်မဖြစ်သူ ဇာဇာလင်းတို့ကို တွေ့ရကြောင်း၊ နေအိမ်မီးဖိုဆောင်ရှိ ဆန်ထည့်သည့်စဥ့်အိုးအတွင်းမှ မှိုင်းခံစက္ကူဖြင့် ထုတ်ထားသော အထုပ် ၁ ထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ WY စာတမ်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၈၈၀၀ (၈၈၀ ဂရမ်) နှင့် ငွေကျပ်သိန်း ၁၃၀ ကို သိမ်းဆည်းရမိကြောင်းဖြင့် အရေးယူပေးရန် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူတို့၏ရှေ့နေက ရှာဖွေဖမ်းဆီးစဥ် စိုးနိုင်သည် အိမ်တွင်မရှိသည့်အပြင် သိမ်းဆည်းရမိသည့် မူးယစ်စိတ်ကြွဆေးပြားများ

၂၀၁၃
ဦးစိုးနိုင် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

သည် စိုးနိုင်နှင့်ဆက်နွယ်သည့် တိုက်ရိုက်သက်သေခံချက်မရှိပါကြောင်း၊ စိုးနိုင်သည် လက်ကိုင်ဖုန်းကို သက်သေခံ (စ) ရှာဖွေပုံစံဖြင့် အပ်နှံခဲ့သော်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အထောက်အထားမရှိပါဘဲ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှုမရှိပါကြောင်း၊ စိုးနိုင်၏ဇနီး နွယ်နွယ်စိုးသည် တောင်ကြီးမြို့နယ် ဆိုင်ကယ်ပွဲစားအိုက်နွံကခေတ္တသိမ်းဆည်းပေးရန်လာရောက်အပ်နှံသည်ကို မူးယစ်ဆေးဝါးမှုန်းမသိ၍သဘောရိုးဖြင့်လက်ခံထားခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုချက်အရ ရဲက အိုက်နွံ၏နေအိမ်သို့ သွားရောက်ရှာဖွေသော်လည်း ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းဖြစ်ကြောင်း အထင်အရှားပေါ်ပေါက်လျက် နွယ်နွယ်စိုး၏ပစ္စည်းဖြစ်သည်ဟု ကောက်ယူခဲ့၍ ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှားယွင်းပါကြောင်း၊ ငွေကျပ်သိန်း ၁၃၀ မှာလည်း ရတနာပုံဘုန်းတော်ကြီး ဦးသောဘိတက ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရာတွင် လိုအပ်သည့် ပစ္စည်းများဝယ်ရန် အပ်နှံထားသောပစ္စည်းဖြစ်သည်ဟု ပေါ်ပေါက်ပါကြောင်း၊ ၃ တရားခံဇာဇာလင်းသည် အချင်းဖြစ်နေအိမ်တွင် နေထိုင်ခြင်းမရှိ၊ ရှာဖွေဖမ်းဆီးသူများနှင့် အချင်းဖြစ်အိမ်သို့ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာခြင်းဖြစ်သည်ဟု တရားလိုပြသက်သေများကိုယ်တိုင်အတိအလင်းထွက်ဆိုခဲ့ပါလျက် စွဲဆိုထားသည့် ဥပဒေပုဒ်မ ၁၉(က)/၂၂ အရ အားပေးကူညီသည်ဟု ကောက်ယူသုံးသပ်ခြင်းမှာ သက်သေခံဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိပါကြောင်း၊ သို့ပါ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်များကို ပယ်ဖျက်ပြီး အပြီးအပြတ်လွှတ်သင့်ပါကြောင်း၊ သက်သေခံပစ္စည်းများကိုလည်း ပိုင်ရှင်ပြန်ပေးသင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားလိုရဲအုပ်လှလွင်နှင့်အဖွဲ့သည် စိုးနိုင်နှင့် နွယ်နွယ်စိုးတို့အိမ်သို့ သက်သေခံ (ဂ) ရှာဖွေဝရမ်းဖြင့် ဝင်ရောက်ရှာဖွေစဉ် နွယ်နွယ်စိုးနှင့် ဇာဇာလင်းတို့အား တွေ့ရှိပြီး နေအိမ်မီးဖိုဆောင်ထဲရှိ ဆန်ထည့်ထားသော စဉ့်အိုးတွင်းမှ WY နှင့် R စာတမ်းပါ ပန်းရောင်စိတ်ကြွဆေးပြား (၂၀၀) ပြားစီ အထုပ် (၄၄) ထုပ် စုစုပေါင်း (၈၈၀၀) ပြား (အလေးချိန် ၈၈၀ ဂရမ်) ခန့်ကို သက်သေခံ (ဃ) ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းရမိကြောင်း၊ စိုးနိုင်နှင့် နွယ်နွယ်စိုးတို့၏ အိပ်ခန်းခုတင်အောက်မှ ဆေးပြားရောင်းရငွေ ကျပ်သိန်း (၁၃၀) ကိုလည်း သက်သေခံ (င) ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိကြောင်း၊ နောက်တစ်နေ့ (၁၈း၀၀)နာရီအချိန်တွင် စိုးနိုင်အား CDMA ဖုန်းနံပါတ် ၀၉-၄၉၃၇၆၅၇၃ နှင့်အတူ မြန်ယုကားဂိတ်မှ ဖမ်းဆီးရမိသည်ဟု ပေါ်ပေါက်ကြောင်း၊ စိုးနိုင်က မူးယစ်ဆေးပြား (၂၀၀) ပါ တစ်ထုပ်လျှင် ငွေကျပ် (၃) သိန်းဖြင့် အိုက်နွံ့ (ခ) ဝင်းနောင်ထံမှ ဝယ်ယူခဲ့သည်ဟု ထုတ်ဖော်ပြောဆိုသဖြင့် ဖမ်းဆီးရာ အိုက်နွံ့မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ စိုးနိုင်နှင့် နွယ်နွယ်စိုးတို့သည် မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟု ပေါ်ပေါက်ကြောင်း **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် အိုက်ထပ် (ခ) အိုက်ခမ်းအမှု**[၁] တွင် အိမ်၌ရှိသောပစ္စည်းသည် အခြားသူတစ်ဦး၏ပစ္စည်းဖြစ်ကြောင်း မပေါ်ပေါက်ပါက အိမ်ထောင်ဦးစီးဖြစ်သူ၏ ပစ္စည်းဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း လမ်းညွှန်ထားပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသည့် ရှာဖွေ

---

**(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၇။**

၂၀၁၃
ဦးစိုးနိုင် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ပုံစံတွင် ဇာဇာလင်းသည် နွယ်နွယ်စိုးနှင့်အတူ လက်မှတ်ရေးထိုး အပ်ပေးခဲ့ခြင်း၊ ရဲက အတင်းလက်မှတ်ရေးထိုးခိုင်းကြောင်း မပေါ်ပေါက်ခြင်းတို့ကြောင့် ဇာဇာလင်းသည် စိတ်ကြွဆေးပြားများနှင့် ဆက်စပ်ပတ်သက်မှုရှိသည်ဟု ညွှန်ပြနေပါကြောင်း၊ စိုးနိုင်၏ လက်ကိုင်ဖုန်းနှင့် ငွေကျပ် သိန်း (၁၃၀) သည် အချင်းဖြစ်အမှုနှင့် ပတ်သက်ခြင်းမရှိသည့် အထောက်အထားမရှိပါသဖြင့် နူတ်ဖြင့် လွယ်လွယ်ထုချေသည်ကို လက်မခံသင့်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည်မှာ မှန်ကန်ပါကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူ ၃ ဦးအပေါ် မူလရုံးက ပြစ်မှုထင်ရှားစီရင်ပြီး သက်သေခံလက်ကိုင်ဖုန်းနှင့် ငွေများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းသည်မှာ မှန်ကန်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

စိုးနိုင်နှင့် နွယ်နွယ်စိုးတို့သည် အကြင်လင်မယားဖြစ်ပြီး တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ရပ်ကွက် (၄)၊ အိမ်အမှတ် (၆၀) တွင် အတူတကွနေထိုင်သည်။ နွယ်နွယ်စိုး၏ညီမ ဇာဇာလင်းသည် အေးသာယာမြို့သစ်၊ ရပ်ကွက် (၅)၊ အိမ်နံပါတ် (၁၂၀) တွင် ခင်ပွန်းဖြစ်သူ ကိုစိုးအောင်နှင့်အတူတကွ နေထိုင်သည်။ ၃၁-၁၀-၂၀၁၁ ရက်နေ့က စိုးနိုင်နှင့် နွယ်နွယ်စိုးတို့၏နေအိမ်သို့ ရဲများက သက်သေခံ (ဂ) ရှာဖွေဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ စိုးနိုင်ကို မတွေ့ခဲ့ဘဲ စိုးနိုင်၏ဇနီး နွယ်နွယ်စိုးနှင့် ၎င်းအိမ်သို့ရောက်ရှိနေသော နွယ်နွယ်စိုး၏ညီမ ဇာဇာလင်းကို တွေ့ရှိခဲ့သည်။ အဆိုပါ နေအိမ်မီးဖိုချောင်ထဲရှိ ဆန်ထည့်သည့် စဉ့်အိုးအတွင်း အဝါရောင်တိပ်ဖြင့်ပတ်၍ အနက်ရောင် မှိုင်းခံစက္ကူဖြင့်ထုပ်ထားသည့် အထုပ်ထဲမှ မူးယစ်ဆေးပြား (၈၈၀၀) ပြားကို တွေ့ရှိသဖြင့် သက်သေခံ (ဃ) ရှာဖွေပုံစံ တွင် နွယ်နွယ်စိုး

နှင့် ဇာဇာလင်းတို့အား လက်မှတ်ရေးထိုးအပ်နှံစေခဲ့သည်။ အိပ်ခန်းခုတင်အောက်မှ ငွေကျပ် သိန်း (၁၃၀) ကို နွယ်နွယ်စိုးက သက်သေခံ (င) ရှာဖွေပုံစံ ဖြင့်လည်းကောင်း၊ နောက်တစ်နေ့တွင် CDMA လက်ကိုင်ဖုန်းအား သက်သေခံ (စ) ရှာဖွေပုံစံဖြင့် စိုးနိုင်ကလည်းကောင်း အပ်နှံခဲ့သည်။

ဓာတုဗေဒဝန်၏ သက်သေခံ (ဆ) အစီရင်ခံစာအရ စိုးနိုင်နှင့် နွယ်နွယ်စိုးတို့နေအိမ်မှ သိမ်းဆည်းမိသော ဆေးပြားများသည် မက်အင်ဖက်တမင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ အရ ၃ ဂရမ်ထက် လက်ဝယ်ထားရှိသူကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိကြောင်း မှတ်ယူရမည်ဖြစ်သည်။

စိုးနိုင်သည် တောင်ကြီး-ရန်ကုန် 'မြန်ယု'ယာဉ်လိုင်းမှ ယာဉ်မောင်းဖြစ်ပြီး ရှာဖွေဖမ်းဆီးသည့် ၃၀-၁၀-၂၀၁၁ ရက်နေ့က နေအိမ်တွင် မရှိခဲ့ချေ။ သို့ဖြစ်၍ ၎င်း၏ဇနီး မနွယ်နွယ်စိုးနှင့် ထိုအိမ်သို့ရောက်ရှိနေသော ဇာဇာလင်းတို့က နေအိမ်မီးဖိုဆောင်ရှိ ဆန်အိုးအတွင်းမှ ရဲများရှာဖွေတွေ့ရှိသော ဆေးပြားများကို သက်သေခံ (စ) ရှာဖွေပုံစံဖြင့် အပ်နှံပေးခဲ့ရခြင်းဖြစ်သည်။ နောက်တစ်နေ့တွင် စိုးနိုင်ပြန်လည်ရောက်ရှိလာခဲ့ပြီး အချင်းဖြစ်မူးယစ်ဆေးပြားများကို တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အောင်စကြာလမ်းနေ အိုက်နွံ (ခ) ဝင်းနောင်ထံမှ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုချက်အရ အိုက်နွံ (ခ) ဝင်းနောင်ကို ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၄၂/၂၀၁၁ တွင် တရားခံပြေးမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ရဲအုပ်လှလွင်နှင့်အဖွဲ့ ရှာဖွေဖမ်းဆီးစဉ်က စိုးနိုင်အား မတွေ့ရှိခဲ့သော်လည်း ၎င်း၏နေအိမ်မီးဖိုဆောင် ထဲရှိ ဆန်အိုးထဲ၌ တွေ့ရှိသောပစ္စည်းသည် အခြားသူတစ်ဦး၏ပစ္စည်းကြောင်း မပေါ်ပေါက်ပါကအိမ်ထောင်ဦးစီးဖြစ်သူ စိုးနိုင်၏ပစ္စည်းဖြစ်ကြောင်း ယူဆရမည်ဖြစ်သည်။ မနွယ်နွယ်စိုးသည် အဆိုပါနေအိမ်၏ အိမ်ရှင်မဖြစ်ပြီး ရှာဖွေဖမ်းဆီးစဉ်က သက်သေခံ (စ) နှင့် (ဆ) ရှာဖွေပုံစံတို့တွင် အိမ်ရှင်အနေဖြင့် လက်မှတ်ရေးထိုးအပ်နှံခဲ့သူဖြစ်ပြီး အတူနေခင်ပွန်းဖြစ်သူက မူးယစ်ဆေးဝါးကိုရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိရာတွင် ၎င်းကမသိရှိနိုင်ကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်ခြင်းမရှိသည့်အတွက် စိုးနိုင်နှင့်နွယ်နွယ်စိုးတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းကို မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ ဇာဇာလင်းအား အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခဲ့သည်ကို မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရပေမည်။

အမှုတွင် မဇာဇာလင်းသည် စိုးနိုင်၊ မနွယ်နွယ်စိုးတို့နှင့်အတူနေထိုင်ခြင်းမရှိဘဲ အေးသာယာမြို့သစ်၊ ရပ်ကွက် (၅)၊ အိမ်အမှတ် (၁၂၀) တွင် နေထိုင်သူဖြစ်ကြောင်း၊ ရဲအုပ်သိန်းဟန် (လိုပြ-၄)၊ ဦးစိန်ကျော်မင်း (လိုပြ-၅)၊ ဦးညီညီ (လိုပြ-၆) တို့က ထွက်ဆိုထားပြီး ရပ်ကွက် (၅) နယ်မြေမှူး ဦးလှအောင် (ခံပြ-၄) ကလည်း ၎င်းအတိုင်း ထွက်ဆို၍ အိမ်ထောင်စုလူဦးရေစာရင်းကို သက်သေခံ (၂) အဖြစ် တင်ပြထားကြောင်း တွေ့ရသည်။ မဇာဇာလင်းသည် အစ်မဖြစ်သူ မနွယ်နွယ်စိုး၏အိမ်သို့

ရှာဖွေဖမ်းဆီးသည့်အဖွဲ့နှင့် ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးစေခဲ့ရာတွင်လည်း အကြောက်အကန် ငြင်းဆန်ခဲ့ကြောင်း လိုပြသက်သေ ဦးစိန်ကျော်မင်း၊ ဦးညီညီတို့က ထွက်ဆိုထားသည်။ မန္တယ်နွယ်စိုး၏အိမ်၊ မီးဖိုချောင်ရှိ ဆန်အိုးထဲမှ မူးယစ်စိတ်ကြွဆေးပြားများတွေ့ရှိခြင်းအတွက် သက်သေခံ (စ) ရှာဖွေပုံစံတွင် မန္တယ်နွယ်စိုးနှင့်အတူ ၎င်းအား လက်မှတ်ရေးထိုးစေခဲ့သော်လည်း ခုတင်အောက်မှ ငွေကျပ် သိန်း (၁၃၀) သိမ်းဆည်းသည့် သက်သေခံ (ဆ) ရှာဖွေပုံစံတွင်မူ ၎င်းအား လက်မှတ်ရေးထိုးစေခဲ့ခြင်းမရှိပေ။

လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်သည် အဓိကဖြစ်သည်ဆိုသော **မောင်ထန်လွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၂] သည် အိမ်ရှင်ထွက်ပြေးပြီးနောက် မူးယစ်ဆေးဝါးတွေ့ရှိပြီး ကျန်ရစ်သူ၌ မူးယစ်ဆေးဝါးသုံးစွဲသည့် လက္ခဏာများပေါ်ပေါက်သော သက်သေခံချက်များရှိပါလျက် ရှာဖွေသော အရာရှိများနှင့် သက်သေများက ယိမ်းယိုင်ထွက်ဆိုလေ့ရှိခြင်းကြောင့် ထိုသို့ ကောက်ယူသုံးသပ်ခဲ့ခြင်းဖြစ်သည်ကို သတိချပ်ရန်လိုသည်။

ရဲအရာရှိထံပေးသော ဖြောင့်ချက်ကို ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခံရသူအပေါ်၌ သက်သေထင်ရှားတင်ပြခြင်းမပြုရန် သက်သေခံ ဥပဒေပုဒ်မ ၂၅ က တားမြစ်ထားပြီး ရဲအရာရှိ၏ အချုပ်တွင်ရှိစဉ်အတွင်း ပေးသည့်ဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်တွင် ပေးသည့် ဖြောင့်ချက်မဟုတ်လျှင် အဆိုပါ ဖြောင့်ချက်ကို ထိုသူအပေါ်၌

(၂) ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၂။

၂၀၁၃
ဦးစိုးနိုင် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

သက်သေထင်ရှားတင်ပြခြင်းမပြုရဟု၍ သက်သေခံဥပဒေပုဒ်မ ၂၆ က တားမြစ်ထားသည်။ စွပ်စွဲခံရသူသည် အကြောင်းကြောင်းကြောင့် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးရခြင်းလည်း ရှိနိုင်သည်ဖြစ်ရာ ထိုသို့ ရှာဖွေပုံစံတွင် ပစ္စည်းအပ်နှံသူအဖြစ် ပါဝင်လက်မှတ်ရေးထိုးရုံမျှဖြင့် ထိုပစ္စည်းကို လက်ဝယ်ထားရှိသူဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းကို အားပေးကူညီဖြစ်ကြောင်း အခါခပ်သိမ်း တထစ်ချကောက်ယူရန် မဟုတ်ချေ။

လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်သည် အဓိကဖြစ်သည်ဆိုသော မှတ်ချက်ကို ကိုးကားရာတွင် သက်သေခံဥပဒေပုဒ်မ ၂၅ နှင့် ၂၆ တို့ပါ ဥပဒေပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုရာရောက်သည်အထိ ကိုးကားရန်မဟုတ်သည်ကို သတိပြုရပေလိမ့်မည်။

မနွယ်နွယ်စိုးတို့၏အိမ်၊ မီးဖိုချောင်ရှိ ဆန်အိုးအတွင်း မူးယစ်ဆေးဝါးထားရှိခြင်းကို သိရှိသည်ဟုလည်းကောင်း၊ ထိုသို့ထားရှိခြင်းအတွက် စီမံခန့်ခွဲရာတွင် ပါဝင်ခြင်း၊ အားပေးကူညီခြင်းပြုသည်ဟုလည်းကောင်း ကောက်ယူနိုင်ရန် လျှောက်ထားသူ ဇာဇာလင်းအပေါ် ငြိစွန်းသည့် သက်သေခံချက်တစ်စုံတစ်ရာမရှိချေ။ လျှောက်ထားသူသည် သီးခြားအိုးအိမ်နှင့် နေသူဖြစ်ပြီး အစ်မဖြစ်သူ မနွယ်နွယ်စိုး၏အိမ်သို့ ရှာဖွေဖမ်းဆီးသည့်အဖွဲ့ နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြောင်းနှင့် သက်သေခံ (၄) (၄-၁) စာမှတ်စာတမ်းများအရလည်း မူးယစ်ဆေးဝါး သုံးစွဲသူမဟုတ်ကြောင်း ပေါ်ပေါက်သည်။ သက်သေခံ (စ) ရှာဖွေပုံစံတွင်

၎င်းက အကြောက်အကန်ငြင်းဆန်ခဲ့ပါလျက် အိမ်ရှင် မန္တယ်နွယ်စိုးနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့ရခြင်းမှအပ မူးယစ်ဆေးဝါးများကို ပူးတွဲတရားခံ က ရောင်းချရန် အလို့ငှာ လက်ဝယ်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိကြောင်း သော်လည်းကောင်း၊ အားပေးကူညီကြောင်းသော်လည်းကောင်း ပြီစွန်းသည့် သက်သေခံချက် တစ်စုံတစ်ရာမရှိသည့်အခြေအနေတွင် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန် သည်ဟု မဆိုနိုင်ပေ။

သက်သေခံငွေကျပ် သိန်း (၁၃၀) သည် ရတနာပုံဘုန်းတော်ကြီး ကျောင်းဆောက်လုပ်ရာတွင် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် အပ်နှံ ထားသောငွေဖြစ်ကြောင်း၊ လျှောက်ထားသူ စိုးနိုင်ကတင်ပြ၍ ဘုန်းတော်ကြီး ဦးသောဘိတ (ခံပြ-၁၀) ကို သက်သေထူခဲ့သော်လည်း ဘုန်းတော်ကြီးမှ စိုးနိုင်အား ငွေကျပ် သိန်း (၁၃၀) အပ်နှံသည့် အထောက်အထား မတွေ့ ရသည့်အပြင် ပစ္စည်းဝယ်ယူမည့် စိုးနိုင်အနေဖြင့် ရန်ကုန်သို့ ခရီးထွက်ခွာ ပြီးနောက် ငွေကျပ် သိန်း (၁၃၀) ကို ယူဆောင်မသွားဘဲ နေအိမ်ခုတင် အောက်တွင် သိမ်းဆည်းထားခဲ့ကြောင်း တွေ့ရသဖြင့် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်မည့် ပစ္စည်းဝယ်ရန် ငွေဖြစ်သည်ဆိုသောအချက်ကို လက်ခံ နိုင်ဖွယ်မရှိချေ။ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် အပ်နှံထားသော ငွေများမဟုတ်ကြောင်း ကောက်ယူချက်ကိုသာလျှင် လက်ခံထိုက်သဖြင့် ငွေကျပ် သိန်း (၁၃၀) နှင့် ၀၉-၄၉၃၇၆၅၇၃ CDMA လက်ကိုင်ဖုန်းတို့ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် လျှောက်ထားသူ စိုးနိုင်နှင့် မနွယ်နွယ်စိုးတို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် ၁၈ နှစ်စီ ချမှတ်သည့် အမိန့်ကို အတည်ပြုသည်။

၂၀၁၃
ဦးစိုးနိုင် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

လျှောက်ထားသူ မဇာဇာလင်းအပေါ် ယင်းဥပဒေပုဒ်မ ၁၉ (က)/ ၂၁ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ရှမ်းပြည်နယ်တရားလွှတ်တော်၏အမိန့်တို့ကို ပယ်လိုက်ပြီး အမှုမှအပြီးအပြတ်လွှတ်လိုက်သည်။